[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဖေဖော်ဝါရီ ၆ရက်၊ ၂၀၂၆ ခုနှစ်


ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊

ဇန်နဝါရီလ ၁-၃၁ ရက်နေ့ထိ၊၂၀၂၆ ခုနှစ်

ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်- ၂၀၂၁ ဒီဇင်ဘာလ ၃၁ရက်၊ ၂၀၂၅ | ဇန်နဝါရီလ ၁-၃၁ရက်၊ ၂၀၂၆ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၇၁၇ | ၃ | ၇၂၀ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၉၂ | | ၅၉၂ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၉၅၄ | ၁၁ | ၉၆၅ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၈၆ | | ၁၅၈၆ |
| | ဒီးမော့ဆိုမြို့နယ် | ၆၉၄ | ၁ | ၆၉၅ |
| | မယ်စဲ့မြို့နယ် | ၃၇ | | ၃၇ |
| | ဖယ်ခုံမြို့နယ် | ၈၄၄ | ၃ | ၈၄၇ |
| | ဖရူဆိုမြို့နယ် | ၁၆၂ | ၃ | ၁၆၅ |
| | ဘောလခဲမြို့နယ် | ၃၅ | | ၃၅ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၉၀ | | ၁၉၀ |

## စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဇန်နဝါရီလ ၁-၃၁ရက်နေ့ထိ၊၂၀၂၆ ခုနှစ်



အတုအယောင်ရွေးကောက်ပွဲများ၊ စစ်ကောင်စီ၏ ဗုံးကြဲတိုက်ခိုက်မှုများနှင့် မြေမြှုပ်မိုင်းများကြောင့် ဒီးမော့ဆို၊ လွိုင်ကော်၊ ဖယ်ခုံနှင့် ဖားဆောင်းမြို့နယ်တို့တွင် အရပ်သား၃ဦးသေဆုံးပြီး ၁၁ဦးဒဏ်ရာရရှိ

ကရင်နီပြည်နယ်တွင် စစ်ကောင်စီ၏ အတုအယောင်ရွေးကောက်ပွဲ ပထမအပိုင်းကို ၂၀၂၅ခုနှစ် ဒီဇင်ဘာလ၊ ၂၈ရက်နေ့ လွိုင်ကော်နှင့် ဘောလခဲမြို့နယ်တို့တွင် ကျင်းပပြီးနောက် ဒုတိယအပိုင်းကို ဇန်နဝါရီလ၊ ၁၁ရက်နေ့ ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်များရှိ စစ်စခန်းတပ်မိသားစု အသိုင်းအဝိုင်းများတွင် ကျင်းပခဲ့သည်။ ဇန်နဝါရီလ၊ ၁၁ရက်နေ့ မဲရုံဖွင့်သောနံနက်ခင်းတွင် စစ်ကောင်စီတပ်များသည် ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်များတွင် ဒရုန်းဗုံးများနှင့် လက်နက်ကြီးများ ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ရွာတစ်ရွာတွင် အိမ်တစ်လုံးနှင့် စပါးကျီတစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ မဲရုံမဖွင့်ခင်နှင့် မဲရုံဖွင့်ပြီးနောက်တွင်လည်း စစ်ကောင်စီတပ်များသည် ဒီးမော့ဆိုနှင့် ဖရူဆိုမြို့များ သာမက လွိုင်ကော်၊ ဖယ်ခုံနှင့် မော်ချီးသတ္တုတွင်းဒေသတွင်ပါ အရပ်သားများကို ပစ်မှတ်ထားကာ လေကြောင်းနှင့် လက်နက်ကြီးများပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ ထိုတိုက်ခိုက်မှုတွင် အရပ်သား၂ဦး သေဆုံးပြီး ၈ဦး ဒဏ်ရာရရှိခဲ့သည်။ ဇန်နဝါရီလအတွင်း စစ်ကောင်စီတပ်များ ထောင်ထားသော မြေမြှုပ်မိုင်းများကြောင့် အရပ်သား၃ဦး ဒဏ်ရာရရှိခဲ့ပြီး ၁ဦး သေဆုံးခဲ့သည်။

*ဇန်နဝါရီလတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အချိန်ဇယား*

ဇန်နဝါရီလ ၄ရက်၊ မွန်းလွဲ ၃နာရီအချိန်ဝန်းကျင်အချိန် ဒီးမော့ဆိုမြို့နယ်၊ ဒေါင်ခါးရပ်ကွက် အနီးတွင် ဖြတ်သန်းသွားလာနေသော ဂတန်းကျောင်းသားအပါအဝင် စစ်ရှောင်အမျိုးသားနှစ်ဦးကို စစ်ကောင်စီမှ သေနတ်ဖြင့်လိုက်ပစ်ခတ်ခဲ့ခြင်းကြောင့် ထွက်ပြေးနေစဉ်တွင် မြေမြှုပ်မိုင်းနင်းမိကာ ပြင်းထန်ဒဏ်ရာရှိခဲ့သည်။

ဇန်နဝါရီလ ၅ရက်၊ နံနက်ပိုင်းအချိန် လှိုင်ကော်မြို့နယ်၊ ဒေါမူကလားရွာနေ အသက်၄၃နှစ်အရွယ် အမျိုးသားတစ်ဦး ပစ္စည်းပို့ရန် ထွက်သွားနေစဉ်တွင် စစ်ကောင်စီတပ်မှ ထောင်ထားသော မြေမြှုပ်မိုင်းနင်းမိကာ သေဆုံးခဲ့သည်။

ဇန်နဝါရီလ ၈ရက်၊ ည၉နာရီဝန်းကျင်အချိန် ဖယ်ခုံမြို့နယ်၊ အနောက်ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီ၏ ဖယ်ခုံအခြေစိုက်တပ်များမှ လက်နက်ကြီးနှစ်လုံး ပစ်ခတ်ခဲ့ခြင်းကြောင့် အသက်၁၄နှစ် ကျောင်းသူတစ်ဦး ထိခိုက်ဒဏ်ရာရရှိကာ နေအိမ်တချို့နှင့် ကားတစ်စီး လက်နက်ကြီးစထိမှန်ပျက်စီးခဲ့သည်။

ဇန်နဝါရီလ ၁၁ရက်၊ စစ်ကောင်မရှင်၏ ရွေးကောက်ပွဲအပိုင်း(၂) ကျင်းပသော မနက်ပိုင်းအချိန်တွင် ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်အတွင်းကို စစ်ကောင်စီတပ်များမှ ဒရုန်းနှင့်လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခဲ့ပြီး ဖရူဆိုမြို့နယ်ရှိ ကျေးရွာတစ်ရွာအတွင်းသို့ ကျရောက်ပေါက်ကွဲကာ နေအိမ်တစ်လုံးနှင့် စပါးကျီတစ်လုံး မီးလောင်ပျက်စီးခဲ့သည်။

ဇန်နဝါရီလ ၁၃ရက်၊ ညနေပိုင်းအချိန် လှိုင်ကော်မြို့ရှိ စစ်ကောင်စီတပ်များမှ မြို့ပြင်ဖက်သို့ လက်နက်ကြီးများဖြင့် အဆက်မပြတ်ရမ်းသမ်း ပစ်ခတ်ခြင်းများပြုလုပ်ကြသည်။ ထို့အပြင် စစ်ပွဲဖြစ်ပွားခြင်းမရှိသော လှိုင်ကော်မြို့နှင့် လှိုင်လင်လေးမြို့တို့တွင် ရံဖန်ရံခါ လက်နက်ကြီးများ ပစ်ခတ်လေ့ရှိသည်။

ဇန်နဝါရီလ ၁၄ရက်၊ မနက်ပိုင်းအချိန် ဒီးမော့ဆိုမြို့နယ်ရှိ ကျေးရွာတစ်ရွာကို လေယာဉ်ဖြင့် ကင်းထောက်အပြီးတွင် ဒရုန်းဗုံး၃ကြိမ် တိုက်ခိုက်ခဲ့သည်။ ညနေပိုင်း ၅နာရီကျော် အချိန်တွင်မှာလည်း လက်နက်ကြီး၄လုံး ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ရွာရှိ ဘုရားကျောင်း အနီးတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ကျောင်းဆောင်နံရံနှင့် မှန်များ ပျက်စီးခဲ့သည်။

ဇန်နဝါရီလ ၁၈ ရက်၊ နံနက် ၁ နာရီတွင် IEC၏ထိန်းချုပ်မှုအောက်ရှိ မယ်စဲမြို့၊ အမှတ် ၂ ထောင်တွင် စစ်သုံ့ပန်း ၈၆ဦး ချုပ်နှောင်ထားရာမှ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ထွက်ပြေး နေစဉ်တွင်း ကရင်နီလုံခြုံရေးတပ်ဖွဲ့များနှင့် စစ်သုံ့ပန်းတွေကြား ပစ်ခတ်မှုများကြောင့် စစ်သုံ့ပန်း ရှစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦးကို ဖမ်းဆီးခဲ့သည်။ နောက်ပိုင်းတွင် ၆၈ ဦးကို ထိုင်းအာဏာပိုင်များက

ဖမ်းဆီးခဲ့ပြီး မဲဆောက်-မြဝတီ နယ်စပ်ဖြတ်ကျော်ဂိတ်တွင် စစ်အစိုးရအရာရှိများထံ ပြန်လည်အပ်နှံခဲ့သည်။

ဇန်နဝါရီလ ၁၈ရက်၊ မနက်၁၀နာရီအချိန် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာကိုစစ်ကောင်စီမှ လက်နက်ကြီးပစ်ခတ်ခဲ့ပြီး ဒရုန်းဗုံးနှစ်လုံး ကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ရွာထဲရှိနေအိမ်တစ်လုံး ထိမှန်ပျက်စီးခဲ့သည်။

ဇန်နဝါရီလ ၂၁ရက်၊ လွိုင်ကော်မြို့၊ ဒေါဥခူရပ်ကွက်နေထိုင်သူ အမျိုးသားတစ်ဦး စစ်ရှောင်စခန်းမှ နေအိမ်ပြန်ပြီး ခြံရှင်းနေစဉ်တွင် စစ်ကောင်စီတပ်ထောင်ထားသော မြေမြှုပ်မိုင်းနင်းမိကာ ဘယ်ခြေထောက်တစ်ဖက် ဆုံးရှုံးခဲ့သည်။

ဇန်နဝါရီလ ၂၅ ရက်၊ နံနက် ၁၁ နာရီအချိန် ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့ရှိ စစ်ကောင်စီတပ်များသည် မိုးဗြဲမြို့လယ်ထဲသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့ရာ အသက်၅၆နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဇန်နဝါရီလ ၃၀ ရက်၊ ညနေ ၄ နာရီအချိန်ခန့် စစ်ကောင်စီတပ်သည် ဖားဆောင်းမြို့နယ်၊ မော်ချီးသတ္တုတွင်းဒေသ နေရာနှစ်ခုကို ပစ်မှတ်ထားကာ လေယာဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး စက်သေနတ်များဖြင့် ပစ်ခတ်ခဲ့ရာ အရပ်သားတစ်ဦး သေဆုံးပြီး ခုနှစ်ဦးဒဏ်ရာရရှိ၍ နေအိမ်အချို့ ပျက်စီးခဲ့သည်။

**contact persons:**
Khu Ko Reh		Tel: +66 65 329 7814
Maw Thue Myar		Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com